# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 20, 2025 Volume 91, Number 15


| ၂၀.၆.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၁၉.၂၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၄.၆၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၃.၀၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၂.၃၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၃၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၃၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၃.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၉၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဆူးပုပ်ပင်စိုက်ပျိုးဝင်ငွေတိုး



ကျောက်ဆည်ခရိုင်အနေဖြင့် စိုက်ပျိုးရေးကိုအခြေခံပြီး ရေမြေသဘာဝကောင်းမွန်သည့် ခရိုင်တစ်ခုဖြစ်သည့်နှင့်အညီ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ရာတွင်ဟင်းသီးဟင်းရွက်များအနက် ဆူးပုပ်ပင်များကိုလည်း အလေးထားစိုက်ပျိုးလာကြကြောင်း တွေ့ရသည်။

ဆူးပုပ်ပင် ၂ မျိုးရှိကြောင်း၊ ပထမတစ်မျိုးမှာ ဆူးပုပ်ကလေးမျိုးဖြစ်ပြီး ဆူးပုပ်ကလေးမျိုးမှာ ဆူးပုပ်ကြီးမျိုးထက် အရွက်အရွယ်အစားရော အပင်အရွယ်အစားပါ သေးငယ်ပြီးအရွက်အနံ့မှာလည်း ဆူးပုပ်ကြီးအပင်လောက် အနံ့မပြင်းကြောင်း၊ ဆူးပုပ်ကလေး အပင်များကို ကျောက်ပန်းတောင်း၊ မကွေးကဲ့သို့ မြေလတ်ဒေသများတွင် အများဆုံးစိုက်ပျိုးကြပြီး ထိုဒေသများတွင်ဆူးပုပ်ကြီးထက် ဆူးပုပ်ကလေးကို ပို၍အသုံးများကြသည်။

ဒုတိယတစ်မျိုးမှာ ဆူးပုပ်ကြီးမျိုးဖြစ်ပြီး ဆူးပုပ်ကလေးမျိုးထက် အပင်နှင့်အရွက်အရွယ်အစား ပိုကြီးသည်။ အရွက်အနံ့မှာလည်း ဆူးပုပ်ကလေးထက်ပို၍ပြင်းကြောင်း၊ ဆူးပုပ်ကြီးကို ပဲကြီးဟင်းချိုချက်ရာတွင် အများဆုံးထည့်ချက်ကြသည်။ ဆူးပုပ်ကြီးမျိုး ၃ မျိုးရှိပြီး ၎င်းတို့မှာ ဆူးကျဲ၊ ဆူးလတ်၊ ဆူးစိပ်မျိုးတို့ဖြစ်သည်။

ဆူးပုပ်ပင်သည် မြန်မာပြည်အနှံ့အပြား တောင်ပေါ်မြေပြန့်ရာသီဥတုမရွေးဖြစ်ထွန်းသောအပင်ဖြစ်သည်။အချို့တောင်သူများသည်ခြံစည်းရိုးများတွင် စည်းရိုးအကာအရံအဖြစ်အသုံးပြုပြီး စိုက်ပျိုးကြသည်။

ဆူးပုပ်ပင်ကိုစိုက်ပြီး ၆ လခန့်တွင်ကိုင်းမကြီးမှထွက်လာသောအညွန့်များကိုခူးဆွတ်ရကြောင်း၊ အညွန့်ခူးခြင်းကို ၁ ရက်ခူးပြီး ၃ ရက်နားစနစ်ဖြင့် ခူးဆွတ်ပြီး ဆူးပုပ်ပင် အပင်သက်တမ်း ၂၅ နှစ်ခန့်ရှိလျှင် အပင်အိုပြီး အထွက်နည်းလာသောကြောင့် အပင်သစ်များလဲလှယ်စိုက်ပျိုးပေးရသည်။

စိုက်ပြီးစအပင်စတင်ခူးချိန်တွင် ၁ ကေတစ်ကြိမ်ခူးလျှင် တစ်စည်း ၂ - ၃ ညွှန့်ပါ အစည်းပေါင်း ၄၀၀ - ၅၀၀ ထွက်ရှိပြီး ဒုတိယအကြိမ်တွင် အစည်း ၁၀၀၀ - ၁၅၀၀ စည်းထွက်ရှိပြီး တတိယနှစ်မှနောက်ပိုင်းတွင် ၁ ကေ တစ်ကြိမ်ခူးလျှင် အစည်း ၅၀၀၀-၈၀၀၀ ခန့်အထိထွက်ရှိနိုင်သောကြောင့်ယခုဆူးပုပ်တစ်စည်းလျှင် ၅၀၀ ကျပ်ဖြင့်ရောင်းချရသောကြောင့် အကျိုးအမြတ်ရရှိသဖြင့် နေ့စဉ်ဝင်ငွေရရှိအောင် ဆူးပုပ်ပင်စိုက်ပျိုးနေကြောင်း သိရသည်။

**source:DOCA(မန္တလေး)**

https://www.doca.gov.mm

## ကျောက်မျက်ရတနာရောင်းဝယ်ရေးလိုင်စင်များကို နေပြည်တော် (ရုံးချုပ်)အပါအဝင် မြို့၄ မြို့တွင် လျှောက်ထားနိုင်



မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း လိုင်စင်များကို နေပြည်တော်၊ရန်ကုန်၊မန္တလေး၊မြစ်ကြီးနားနှင့် မိုင်းရှူးမြို့တို့တွင်လျှောက်ထားနိုင်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သိရသည်။

လက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောက်မျက်ရတနာလုပ်ငန်းနှင့်သက်ဆိုင်သည့် လုပ်ငန်းလိုင်စင်ပေါင်း ၅၆၀၀ ကျော်ထုတ်ပေးထားကြောင်းလည်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းကချထားပေးလျက်ရှိသော ကျောက်မျက်ရတနာအရောင်းဆိုင်နှင့် ရုပ်တု/ရုပ်ထွင်းများပြုလုပ်ခြင်း လုပ်ငန်းလိုင်စင်နှင့်ကျောက်မျက်ရတနာ အရိုင်း၊အချောများရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင်များကိုချထားပေးလျက်ရှိကြောင်း သိရသည်။

**Source: Popular News Journal**

## ဈေးနှုန်းများကျဆင်းလာတဲ့ ပြည်သံပရာဈေးကွက်



သံပရာသီးကိုနွေသီးနှင့် မိုးသီးဟူ၍ ၂ မျိုးရှိပြီးနွေရာသီတွင် သီးသောအသီးမှာ အထွက်နည်း၍ တန်ဖိုးလည်းကြီးသည်။

ယခင်နွေရာသီကာလအချိန်တွင် ရာသီဥတုများ ပူပြင်းလွန်းသည့်အတွက် သံပရာသီး အထွက် နှုန်းနည်းပြီး ဈေးကွက်တွင် ရောင်းချသောဈေးနှုန်းမှာ သံပရာသီးတစ်လုံးလျှင် ၃၀၀ ကျပ်၊ အသေးတစ်လုံးလျှင် ၂၀၀ ကျပ်ဖြင့် ရောင်းချကြသည်။

ယခုမိုးရာသီကာလတွင်သံပရာသီးများလှိုင်လှိုင်ထွက်ပေါ်လာချိန်ဖြစ်၍တစ်ပင်လျှင်အလုံးရေ ၅၀၀ ခန့်သီးနှုန်းအားကောင်းလာသဖြင့် သံပရာသီးဈေးမှာလည်းကျဆင်းလာပြီး အကြီးတစ်လုံးလျှင် ၁၀၀ကျပ်နှင့် အသေးတစ်လုံးလျှင် ၅၀ ကျပ်ဖြင့် ဈေးကွက်များတွင် ရောင်းချလျက်ရှိသည်။


ပြည်ဈေးကွက် တွင်ရောင်းချနေသော သံပရာသီးများမှာ ပြည်ဒေသအတွင်းထွက်ရှိသော သံပရာသီးများဖြစ်ပြီး ရန်ကုန်မြို့သို့လည်း တင်ပို့ရောင်းချကြသည်။

ထို့ကြောင့်သံပရာသီးကို နွေသီးနှင့်မိုးသီးဈေးနှုန်းနှိုင်းယှဉ်လျှင် ဈေးကွာခြားချက်များရှိ၍ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများအနေဖြင့်လည်း အပိုဝင်ငွေများ ရရှိလာမည်ဖြစ်သည်။

**Source : DOCA(ပဲခူး)**

https://www.doca.gov.mm

## စားအုန်းဆီ အခြေခံရည်ညွှန်းဈေး ဆက်တိုက်ကျဆင်းလာ




"စားအုန်းဆီ အခြေခံရည်ညွှန်းဈေး ဆက်တိုက်ကျဆင်းလာ သော်လည်း ပြင်ပ ပေါက်ဈေး မြင့်တက်နေဆဲ ဖြစ်ကြောင်း စားသုံးသူများ ထံက သိရသည်။

ပြီးခဲ့သည့်ဇွန်လပထမပတ်ကတစ်ပိဿာကို ၆၃၁၀ ကျပ်၊ ဒုတိယ ပတ်က ရည်ညွှန်းဈေးတစ်ပိဿာကို ၆၁၅၈ ကျပ်အထိ သတ်မှတ်ခဲ့ သော်လည်း ဇွန်လ ၁၆ ရက်နေ့ မှစပြီး ရည်ညွှန်းဈေး တစ်ပိဿာကို ၆၁၁၀ကျပ်ထိ ဆက်တိုက်ကျဆင်းလာတာ တွေ့ရသည်။

ထိုသို့ ဆက်တိုက်ကျဆင်းလာသော်လည်း ပြင်ပပေါက်ဈေးမှာ တစ်ပိဿာလျှင် ၁၅,၀၀၀ မှ ၁၆,၀၀၀ နီးပါး အထိ မြင့်တက် နေဆဲဖြစ်ကြောင်း စားသုံးသူများထံက သိရသည်။

"ဈေးကျလည်း ဆီကိုလုံလုံလောက်လောက်မရောင်းပေးနိုင်တော့ ပြင်ပပေါက်ဈေးကတော့ တက်နေမှာပဲ၊ လက်လှမ်းမီတဲ့ သူတချို့ ရည်ညွှန်းဈေးနဲ့ ရတာ။ ကျန်တဲ့ ပြည်သူတွေက ပြင်ပပေါက်ဈေး နဲ့ ဝယ်ယူသုံးစွဲနေကြရတယ်" ဟု ရန်ကုန်မြို့ သဃ်္ဃန်း ကျွန်းမြို့နယ်နေထိုင်သူတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စားအုန်းဆီများကို ဖုန်းဆက်မှာယူနိုင်ပြီး မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ အသင်း' Facebook Page မှာ ခရိုင်အလိုက်၊ မြို့နယ်အလိုက်မှာယူနိုင်ကြောင်း ကြေညာထားသော်လည်း စားသုံးသူများ အနေဖြင့် အမှန် တစ်ကယ်ဖုန်းဆက်မှာယူ၍ မရသောကြောင့် အခက်တွေ့နေကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်ရဆိုင်တချို့မှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၃၅၃ ကျပ်ဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

စားအုန်းဆီ လုံလောက်စွာ ဝယ်၍မရသောကြောင့် ပြင်ပဈေးကွက်က ရှိနေဦးမည်ဖြစ်ကြောင်း ကုန်သည်များက သုံးသပ် ကြသည်။


"ကျွန်တော်တို့က ရပ်ကွက်ရုံးမှာဆီစာအုပ်လုပ်ထားတဲ့သူတွေကိုရောင်းပေးတာပါ ။ ဆိုင်မှာတော့ အကန့်အသတ်နဲ့ရောင်း ပါတယ်။ တစ်ပတ်တစ်ခါ ဖြစ်ဖြစ်၊ ၁၅ ရက်တစ်ခါ ဖြစ်ဖြစ် တစ်နေရာနဲ့ တစ်နေရာ မတူကြဘူး ရောင်းပေးကြတယ်။ အပြင်ဈေး ကတော့ အရင်လိုမြင့်တက်နေတုန်းပါပဲ။ တချို့တွေကဆီထုတ်ပြီးပြန်ရောင်းကြတော့ အပြင်ဈေးဆိုတာဖြစ်လာတာပါ။" ဟု ဆီ ကိုယ်စားလှယ်ရအရောင်းဆိုင်တစ်ဆိုင်က ပြောသည်။

ပြည်တွင်း ပဲဆီနှမ်းဆီများမှာလည်း ဈေးတန်းတစ်ခုထိ ရှိနေခြင်းကြောင့် ဈေးချိုသည့် စားအုန်းဆီကိုသာ အားကိုးဝယ်ယူ သုံးစွဲနေရကြောင်းလည်း စားသုံးသူများထံကသိရသည်။ လက်ရှိတွင် လျှပ်စစ်မီးပြတ်တောက်မှုတွေများကြောင့် ဆီစက် များ ပုံမှန်လည်ပတ်နိုင်ရန် အခက်အခဲများ ရှိခြင်း၊ စက်သုံးဆီဈေးများ မြင့်တက်ခြင်း စသည့်အခက်ခဲများ ကြုံတွေ့နေရကြောင်း စက်လုပ်ငန်းရှင်များထံက သိရသည်။

ပြည်တွင်း၌ စားအုန်းဆီသုံးစွဲမှု တစ်နှစ်လျှင် တန်ချိန် ၁၀သိန်းကျော်အထိရှိသောကြောင့် နှစ်စဉ်တန်ချိန် ၆သိန်းမှ ၇သိန်း ကြားအား မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများမှ စားအုန်းဆီများကို အဓိကထား၍ တင်သွင်းနေရကြောင်းသိရသည်။

**Source :** https://htwettoe.com/

## လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးတွင် ဖြစ်ပေါ်နေသော ခရမ်းချဉ်သီးဈေးနှုန်း



ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်းသို့ ဝင်ရောက်သော ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေး ဒေသမှ ပြည်နယ်အတွင်းသို့ အများဆုံးဝင်ရောက်လျက်ရှိသည်။

မှာယူရသည့် နေရာဒေသ အလုံး အကြီး၊ အသေးအပေါ်မူတည်၍ ဈေးနှုန်းကွာခြားသည်။ ယခုလက်ရှိ ဈေးကွက်အတွင်းဖြစ်ပေါ်နေ

သော ခရမ်းချဉ်သီးဈေးနှုန်းမှာ တစ်ပိဿာလျှင် အနိမ့်ဈေး ၃၅၀၀ မှ အမြင့်ဆုံး ၄၀၀၀ ကျပ် ဝန်းကျင်ဈေးနှုန်းဖြင့် ရောင်းချနေသည်ကို တွေ့ရသည်။

ဇွန်လ ပထမပတ် ဈေးကွက်အတွင်း၌ဖြစ်ပေါ်နေသော ဈေးနှုန်းမှာ တစ်ပိဿာလျှင် ၃၀၀၀ - ၃၅၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။ ယခု ဇွန်လ ဒုတိယပတ်တွင် တစ်ပိဿာလျှင် ကျပ် ၃၅၀၀- ၄၀၀၀ ကျပ်ဈေးနှုန်း ပေါက်လျက်ရှိရာ ပထမပတ်နှင့်ဒုတိယပတ်နှိုင်းယှဉ်ကြည့်လိုက်လျှင် ဈေးအနည်းငယ်တက်လာကြောင်း၊ ကုန်ပစ္စည်းမှာလည်း နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ပစ္စည်းလက်ကျန်မရှိဘဲ ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း လှိုင်ကော်မြို့ သီရိမင်္ဂလာဈေးရှိ ဈေးသည်တစ်ဦးထံက သိရပါတယ်။

**Source : DOCA(ကယား)**

https://www.doca.gov.mm

## မတ်ပဲ၊ ပဲတီစိမ်းနှင့် စားတော်ပဲများ အဝယ်လိုက်ပြီး အရောင်းအဝယ်သွက်လာ

မန္တလေးကုန်စည်ဒိုင်တွင် ဇွန်လတတိယပတ်၌ မတ်ပဲသည် ယခင်တစ်ပတ်က ဈေးအေးပြီး အရောင်းအဝယ်အေး နေသော်လည်း ယခုတစ်ပတ်တွင် အရောင်းအဝယ်သွက်လာနိုင်ကြောင်း၊ ပဲတီစိမ်းနှင့် စားတော်ပဲများမှာ ယခုတစ်ပတ်တွင် အဝယ်လိုက်လာပြီး အရောင်းအဝယ်သွက်လာကြောင်း ကုန်စည်ဒိုင်က သိရသည်။

မတ်ပဲ ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၈၀,၀၀၀ မှ ၂၈၂,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၇၅,၀၀၀ မှ ၂၇၇,၀၀၀၊ ယခင်လ ကျပ် ၂၆၀,၀၀၀ မှ ၃၁၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၅၀၀၀ ကျပ် မြင့်တက်လာပြီး၊ ယခင်လထက် ၂၈,၀၀၀ ကျပ် ဈေးနိမ့်လာသည်။

ပဲတီစိမ်း ၅၆ ဒသမ ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၁၀,၀၀၀မှ ၃၉၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၉၀,၀၀၀ မှ ၃၇၀,၀၀၀၊ ယခင်လ ကျပ် ၄၂၀,၀၀၀ မှ ၄၃၅,၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၂၀,၀၀၀ ကျပ် မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၁၁,၀၀၀မှ ၄၅,၀၀၀ ဈေးနိမ့်လာသည်။

စားတော်ပဲ(ကနေဒါ)၅၉ ဒသမ ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၉၅,၀၀၀ မှ ၄၀၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၈၅,၀၀၀မှ ၃၉၀,၀၀၀၊ ယခင်လ ၃၆၀,၀၀၀ ကျပ်ဖြစ်သည်။ ယခင် တစ်ပတ်ထက် ၁၀,၀၀၀ ကျပ်၊ ယခင်လထက် ကျပ် ၃၅,၀၀၀ မှ ၄၀,၀၀၀ ဈေးမြင့်လာသည်။

စားတော်ပဲ(ကျွန်း)၅၉ ဒသမ ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၄၈၀,၀၀၀မှ ၅၂၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၄၈၀,၀၀၀ မှ ၅၀၀,၀၀၀၊ ယခင်လ ကျပ် ၄၅၀,၀၀၀ မှ ၄၈၃,၀၀၀ဖြစ် သည်။ ယခင်တစ်ပတ်ထက် ၂၀,၀၀၀ ကျပ်၊ ယခင်လထက် ကျပ် ၃၀,၀၀၀ မှ ၃၇,၀၀၀ ဈေးမြင့်လာသည်။

**Source :** https://myantrade.gov.mm/

## စင်ကာပူ-အင်ဒိုနီးရှားဝန်ကြီးအဆင့် စီးပွားရေးလုပ်ငန်းအဖွဲ့ ၆ ခု၏ ၁၅ ကြိမ်မြောက်အစည်းအဝေးကျင်းပ

စင်ကာပူ-အင်ဒိုနီးရှားဝန်ကြီးအဆင့်စီးပွားရေးလုပ်ငန်းအဖွဲ့ ၆ ခု၏ (၁၅)ကြိမ်မြောက်အစည်းအဝေး(15th Singapore-Indonesia Six Bilateral Economic Working Groups Ministerial Meeting)ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့က စင်ကာပူမြို့တွင် ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး Gan Kim Yong နှင့်အင်ဒိုနီးရှားနိုင်ငံ၊ စီးပွားရေးရာညှိနှိုင်းရေးဝန်ကြီးဌာန ဝန်ကြီး Airlangga Hartarto တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့သည်။

စီးပွားရေးလုပ်ငန်းအဖွဲ့ ၆ ခုမှာ ဘင်တန်ကျွန်း(Bintan)၊ ဘာတန်မြို့(Batam)နှင့် Karimun ကျွန်းနှင့် အခြားအထူးစီးပွားရေးဇုန်များ၊ ရင်းနှီးမြှုပ်နှံမှုများ၊ လူ့စွမ်းအား၊ ပို့ဆောင်ရေး၊ စိုက်ပျိုးရေးအခြေပြု စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းစသည့်ကဏ္ဍ ၆ ခုတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အဆင့်မြှင့်တင်ရန်အတွက် စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအကြား အဓိကစီးပွားရေးစင်္ကြံ ဖြစ်သည်။

အစည်းအဝေးတွင် စင်ကာပူနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံအကြား နှစ်နိုင်ငံစီးပွားရေးအရဆက်ဆံရေးကိုခိုင်မာစေရေးထပ်လောင်း ကတိကဝတ်ပြုခဲ့ပြီး စက်မှုဇုန်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် အစိမ်းရောင်စီးပွားရေးတို့အပါအဝင် နှစ်နိုင်ငံ၏စီးပွားရေးတွင် အရေးကြီးသည့်ကဏ္ဍများ၌ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိုဆွေးနွေးခဲ့ကြပါသည်။ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများတိုးတက်ခြင်း၊ ဖြစ်ပေါ်လာသည့်အခွင့်အရေးများကိုရယူ၍ ပြည်သူလူထုနှင့်စီးပွားရေးလုပ်ငန်းများကို အကူအညီပေးခြင်းတို့မှာ အရေးကြီးကြောင်း နှစ်နိုင်ငံဝန်ကြီးများက အလေးပေးပြောကြားခဲ့သည်။

ဘင်တန်ကျွန်း(Bintan)၊ ဘာတန်မြို့(Batam)နှင့် Karimun ကျွန်းတို့တွင် ရင်းနှီးမြှုပ်နှံသူများက စိတ်ဝင်စားလျက်ရှိသည့်အချက်၊ လေကြောင်း ချိတ်ဆက်မှုများတွင် တိုးတက်ခဲ့မှု၊ ရေရှည်တည်တံ့သည့် စီးပွားရေးတိုးတက်မှုဖြစ်ပေါ်စေရေး နှစ်နိုင်ငံ၏အားထုတ်မှုကို အထောက်အကူဖြစ်စေမည့် နယ်စပ်ဖြတ်ကျော်လျှပ်စစ်ဓာတ်အား ကုန်သွယ်ရေးနှင့် ကာဗွန်ဓာတ်ငွေ့ဖမ်းယူသိုလှောင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေတို့ကို ကြိုဆိုခဲ့ပြီး လူ့စွမ်းအားအရင်းအနှီးဖွံ့ဖြိုးတိုးတက်မှုတွင် တိုးတက်နေမှုအခြေအနေတို့ကို အသိအမှတ်ပြုခဲ့သည်။

နှစ်နိုင်ငံဝန်ကြီးများသည် စိုက်ပျိုးရေးနည်းပညာပူးပေါင်းဆောင်ရွက်မှုများကို အဆင့်မြှင့်တင်ရန်နှင့် အင်ဒိုနီးရှားတင်သွင်းသူများနှင့် စင်ကာပူတင်ပို့သူများအတွက် ကုန်သွယ်မှုအခွင့်အလမ်းအသစ်များဖန်တီးရန် စသည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်နှစ်နိုင်ငံအကြား ပြည်သူများသွားလာမှုတို့ကို မြှင့်တင်နိုင်မည့် နှစ်နိုင်ငံအကြား စီးပွားရေးအရချိတ်ဆက်မှုများ ပိုမိုခိုင်မာစေရေးထပ်မံကတိကဝတ်ပြုခဲ့သည်။

စင်ကာပူနိုင်ငံ၏ Sembcorp Development Ltd နှင့် အင်ဒိုနီးရှားနိုင်ငံ၏ PT Batamraya Sukses Perkasa တို့အကြား Karimun ကျွန်းတွင်ပြုလုပ်မည့် ကာဗွန်နည်းစက်မှုဥယျာဉ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်၊ စင်ကာပူတစ်ပိုင်းလျှပ်ကူးပစ္စည်းစက်မှုအသင်း(Singapore Semiconductor Industry Association)နှင့် အင်ဒိုနီးရှားကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုအသင်း (Indonesian Chamber of Commerce and Industry)တို့အကြား တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့်လျှပ်စစ်ထုတ်ကုန်ပစ္စည်းတို့တွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဈေးကွက်ပိုမိုရရှိစေရေး နှစ်ဖက်စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာတို့ကို နှစ်နိုင်ငံဝန်ကြီးများရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လွန်ခဲ့သောနှစ်များတွင် နှစ်နိုင်ငံကုန်သွယ်မှုမှာ တစ်ဖြည်းဖြည်းတိုးတက်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၆ ဘီလီယံရှိပြီး ၂၀၁၄ ခုနှစ်မှစ၍ စင်ကာပူနိုင်ငံမှာ အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွင် အဓိကနိုင်ငံဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံရှိ စင်ကာပူနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁ ဘီလီယံကျော်ရှိသည်။

**Source : Ministry of Trade and Industry**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

https://myantrade.gov.mm/

## ၂၀၂၄ ခုနှစ်တွင် ကာဗွန်အခွန်ရငွေ စင်ကာပူဒေါ်လာ ၆၄၂ သန်းခန့်ရရှိမည်ဟု ခန့်မှန်းထား

၂၀၂၄ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ ကာဗွန်အခွန်ရငွေ စင်ကာပူဒေါ်လာ ၆၄၂ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ကာဗွန်ထုတ်လွှတ်မှုတစ်တန်လျှင် အခွန်စင်ကာပူ ၅ ဒေါ်လာသတ်မှတ်ခဲ့ပြီး နှစ်စဉ်ကာဗွန်အခွန်စင်ကာပူဒေါ်လာသန်း ၂၀၀ ခန့်ရရှိခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတစ်တန်လျှင် အခွန် ၂၅ ဒေါ်လာသို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။ စင်ကာပူနိုင်ငံတွင် ကာဗွန်အခွန်ပေးဆောင်ရမည့်လုပ်ငန်း ၅၀ နီးပါးရှိပြီး ၎င်းလုပ်ငန်းများမှာ ကုန်ထုတ်လုပ်မှု၊ လျှပ်စစ်၊ စွန့်ပစ်ပစ္စည်းနှင့် ရေကဏ္ဍတို့မှဖြစ်သည်။ ၎င်းလုပ်ငန်းများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာဗွန်ထုတ်လွှတ်မှု၏ ၇၀ ရာခိုင်နှုန်းခန့်အတွက် တာဝန်ရှိသည်။ အခွန်ဒေါ်လာ ၆၄၂ သန်းခန့်ကို စက်တင် ဘာလအကုန်တွင် ကောက်ခံနိုင်မည်ဟု ခန့်မှန်းထားသည်။

စင်ကာပူနိုင်ငံ၏ စုစုပေါင်းကာဗွန်ထုတ်လွှတ်မှုမှာ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ခုနှစ်အတွင်း နှစ်စဉ်တန်ချိန် ၅၃ ဒသမ ၈၇ သန်းမှ ၅၈ ဒသမ ၅၉ သန်းရှိသည်။ "ဒေါ်လာ ၆၄၂ သန်းမှာ အချက်အလက်များစွာအပေါ်အခြေခံ၍ ခန့်မှန်းထားခြင်းဖြစ်ပြီး အဆိုပါ အချက်အလက်များတွင် အခွန်ထမ်းလုပ်ငန်းများ၏ ကာဗွန်ထုတ်လွှတ်မှု၊ ကာဗွန်အခွန်ပေးဆောင်မှုကို ခုနှိမ်ရန်အတွက် နိုင်ငံတကာ ကာဗွန်ထုတ်လွှတ်နိုင်ခွင့်ကို အသုံးပြုခြင်း၊ ကာဗွန်ထုတ်လွှတ်ခြင်းအတွက် အကူးအပြောင်းကာလကင်းလွတ်ခွင့် စသည့် အချက်များပါဝင်ကြောင်း" စင်ကာပူအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နိုင်ငံတကာကာဗွန်ထုတ်လွှတ်နိုင်ခွင့်အသုံးပြုမှုတွင် ကာဗွန်ထုတ်လွှတ်သည့်လုပ်ငန်းများသည် အကျုံးဝင်သည့် ကာဗွန်ထုတ်လွှတ်နိုင်ခွင့်ကို အသုံးပြု၍ နှစ်စဉ်ထုတ်လွှတ်မှု၏ ၅ ရာခိုင်နှုန်းအထိ ခုနှိမ်ခွင့်ရှိသည်။ "လက်ရှိအချိန်အထိ ပေးဆောင်ရမည့်ကာဗွန်အခွန်မှခုနှိမ်ခွင့်အတွက် အဆိုပြုလာသည့်လုပ်ငန်းမရှိသေးကြောင်း" ရေရှည်တည်တံ့မှုနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာနနှင့် အမျိုးသားပတ်ဝန်းကျင်အေဂျင်စီတို့က The Straits Times သို့ ပြောကြားခဲ့သည်။

ကာဗွန်ထုတ်လွှတ်မှုကို ခုနှိမ်လိုသည့်လုပ်ငန်းများသည် ၂၀၂၄ ခုနှစ်တွင် ကာဗွန်အခွန်ကို အပြည့်ပေးဆောင်ရမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် ထုတ်လွှတ်မှုကို ၂၀၂၅ ခုနှစ်တွင် ၅ ရာခိုင်နှုန်းခုနှိမ်နိုင်မည်ဖြစ်သည်။ ကာဗွန်အခွန်နှုန်းထားမှာ ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တွင် တစ်တန်လျှင် ၄၅ ဒေါ်လာရှိမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ဒေါ်လာ ၅၀ မှ ဒေါ်လာ ၈၀ အကြား ရှိမည်ဖြစ်သည်။

"ကောက်ခံရရှိသည့် ကာဗွန်အခွန်ကို ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးတွင် ရန်ပုံငွေအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအတွက် စွမ်းအင်သုံးစွဲမှုသက်သာစေရေး အကူအညီဖြစ်စေမည်ဖြစ်ကြောင်း၊ အိမ်ထောင်စုများအတွက် ကုန်ဈေးနှုန်းကြီးမြင့်မှု၏ သက်ရောက်မှုကို သက်သာစေမည်ဖြစ်ကြောင်း" ရေရှည်တည်တံ့မှုနှင့်ပတ်ဝန်းကျင်ဝန်ကြီးဌာန ဝန်ကြီး Grace Fu က ၂၀၂၄ ခုနှစ်တွင် ပါလီမန်၌ ပြောကြားခဲ့သည်။

ကုမ္ပဏီများကို ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် ကာဗွန်အခွန်သက်သာခွင့်အနေဖြင့် အကူးအပြောင်းကာလကင်းလွတ်ခွင့်ပေးလေ့ရှိပြီး ၎င်းကုမ္ပဏီများမှာ ဓာတုပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် ဇီဝဆေးဝါးစသည်တို့ထုတ်လုပ်သည့် ကုမ္ပဏီများဖြစ်သည်။

ရာသီဥတုမူဝါဒဆိုင်ရာ လေ့လာသူ Melissa Low က "ကာဗွန်အခွန်ရရှိမှုဆုံးရှုံးခြင်းထက် ကာဗွန်အခွန်နှုန်းမြင့်ခြင်းကြောင့် ယှဉ်ပြိုင်နိုင်စွမ်းလျော့ကျခြင်းက ပိုမိုကြောင်းကို အစိုးရအနေဖြင့် ဆန်းစစ်မှုပြုလုပ်မည်ဖြစ်ကြောင်း၊ထို့ကြောင့် အစိုးရအနေဖြင့် ကာဗွန်အခွန်သက်သာခွင့်နှင့် ကုမ္ပဏီများ၏ ယှဉ်ပြိုင်နိုင်စွမ်းရှိရေးတို့ကို ချိန်ဆရမည့် ဥပမာဖြစ်ကြောင်း" ပြောကြားခဲ့ သည်။

NUS Energy Studies Institute မှ အကြီးတန်းသုတေသနပညာရှင် Kim Jeong Won က "အခြားနိုင်ငံများတွင်လည်း ကာဗွန်အခွန်နှင့်စပ်လျဉ်း၍ သက်သာခွင့်များပေးကြောင်း၊ ကုမ္ပဏီများသည် ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းလုပ်ငန်း စဉ်ထက် ကာဗွန်အခွန်ပေးခြင်းက ပိုမိုလွယ်ကူပြီး ကုန်ကျစရိတ်သက်သာပါက အခွန်ပေးဆောင်၍ ကာဗွန်ထုတ်လွှတ်ကြမည်ဖြစ်သောကြောင့် အဆိုပါသက်သာခွင့်သည် ကာဗွန်အခွန်ကြောင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးကို အားနည်းစေလေ့ရှိကြောင်း၊ ကာဗွန်အခွန်စတင်အကောင်အထည်ဖော်သည့်ကာလတွင် အခွန်သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်သင့်ပြီး ကာလသတ်မှတ်ချက်အလိုက် အဆိုပါသက်သာခွင့်များကို လျှော့ချသည့်နိုင်ငံများလည်းရှိကြောင်း" ပြောကြားခဲ့သည်။

**Source : The Straits Times**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

https://myantrade.gov.mm/

## AI ဖြင့် စိတ်ကြိုက်ချစ်ပ်ဒီဇိုင်းရေးဆွဲရန် Apple စီစဉ်နေ

Apple ကုမ္ပဏီက AI သုံးပြီး စိတ်ကြိုက် ချစ်ပ်ဒီဇိုင်းဆွဲဖို့ စိတ်ဝင် စားနေတဲ့အပြင် အထောက်အကူဖြစ်စေဖို့ ဉာဏ်ရည်တုကို တွင်တွင်ကျယ်ကျယ် အသုံးပြုသွားဖြစ်တယ်လို့ ကုမ္ပဏီထိပ်တန်းအမှုဆောင်တစ်ဦးက မှတ်ချက်ပေးပြောကြားထားတာကို Investing.com သတင်းမှာ ရေးသားထားပါတယ်။




AI အသုံးပြုပြီး စိတ်ကြိုက်ချစ်ပ်ဒီဇိုင်းတွေ ရေးဆွဲဖို့အတွက် စဉ်းစားနေပြီဖြစ်တယ်လို့ Apple ရဲ့ ဟာ့ဒ်ဝဲနည်းပညာဆိုင်ရာ အကြီးတန်း ဒုတိယဥက္ကဋ္ဌက ပြီးခဲ့လက ဘယ်လ်ဂျီယံမှာ မိန့်ခွန်းပြောကြားစဉ် ပြောကြားသွားခဲ့တာပါ။

ကုမ္ပဏီရဲ့ အထင်ကရထုတ်ကုန်တွေမှာ Apple ရဲ့ စိတ်ကြိုက်ချစ်ပ်တွေထည့်သွင်း ဒီဇိုင်းထုတ်သွားဖို့အတွက် gen AI အလားအလာကို ထုတ်ဖော်ပြသခဲ့တယ်လို့ ကုမ္ပဏီထိပ်တန်းအမှုဆောင်တစ်ယောက်ကပြောပါတယ်။ ဒ့ါပြင် Apple ဟာ ချစ်ပ်ပြားတွေ ဒီဇိုင်းထုတ်ဖို့အတွက် ရနိုင်တဲ့နောက်ဆုံးပေါ်နည်းပညာတွေကို အမြဲအသုံးပြုဖို့ကြိုးပမ်းခဲ့ပြီး ထိပ်တန်းအီလက် ထရွန်းနစ် ဒီဇိုင်းကုမ္ပဏီတွေကနေ နောက်ဆုံးပေါ် ချစ်ပ်ဒီဇိုင်းဆော့ဖ်ဝဲလ်တွေကိုလည်း အမြဲလေ့လာခဲ့တယ်လို့ပြောပါတယ်။

၂၀၁၀ ပြည့်နှစ်ကတည်းက Apple ဟာ iPhone စက်တွေမှာ စိတ်ကြိုက်ဆီလီကွန်ကို Apple A4 ချစ်ပ်ထည့်သွင်းကာ စတင်အသုံးပြုခဲ့တာဖြစ်ပြီး Mac ကွန်ပျူတာတွေကို Intel ပရိုဆက်ဆာတွေကနေ စိတ်ကြိုက်ဆီလီကွန် အဖြစ် ပြောင်းခဲ့တာပါ။ အဲဒီပြောင်းလဲမှုက ကုမ္ပဏီအတွက် အကြီးအကျယ် အရောင်းအဝယ်ဖြစ်စေခဲ့ပါတယ်။

**Source :** https://onenewstvchannel.com/

## STOCK EXCHANGE (20.6.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,464 (Shares) | 31,618,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,600 | +100 | +1.54% | 6,500 | 6,600 | 6,500 | 770 | 5,025,000 | 33,109,694 | 218,524 |
| MTSH | 00002 | 3,000 | +0 | +0.00% | 2,950 | 3,000 | 2,950 | 4,834 | 14,360,350 | 38,929,150 | 116,788 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 85 | 620,500 | 10,400,986 | 75,927 |
| FPB | 00004 | 1,850 | -50 | -2.63% | 1,900 | 1,900 | 1,850 | 203 | 383,300 | 29,664,613 | 54,880 |
| TMH | 00005 | 2,700 | -100 | -3.57% | 2,700 | 2,700 | 2,700 | 600 | 1,620,000 | 12,823,224 | 34,623 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 1,821 | 2,969,650 | 19,977,223 | 32,962 |
| AMATA | 00007 | 3,950 | -50 | -1.25% | 3,950 | 3,950 | 3,950 | 197 | 778,150 | 10,497,598 | 41,466 |
| MAEX | 00008 | 3,000 | -50 | -1.64% | 3,000 | 3,000 | 3,000 | 1,954 | 5,862,000 | 23,804,946 | 71,415 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 20th Jun. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 342.80 | -0.62 | -0.18% | 340.80 | 342.80 | 340.27 | 10,464 | 31,618,950 | 8 | 646,585 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 20th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 10,469 (Shares) | 31,634,700 (MMK) |

### Main Board

As of 1:00 pm, 20th Jun. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,464 (Shares) | 31,618,950 (MMK) |

| MYANPIX | 342.80 ▼ 0.62 |
|---|---|
| Total Volume (shares) | 10,464 |
| Total Value (MMK) | 32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 646,585 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,600 | ▲ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,850 | ▼ 50 |
| TMH | 00005 | 2,700 | ▼ 100 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,950 | ▼ 50 |
| MAEX | 00008 | 3,000 | ▼ 50 |

TIR